
NAMATI
INNOVATIONS IN LEGAL EMPOWERMENT

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေ အသုံးပြုခွင့် လျှောက်ထားခြင်း

## အကြောင်းသိကောင်းစရာ

နိုဝင်ဘာလ ၂၀၁၈





## မှတ်တမ်းတင်ဂုဏ်ပြုစကား

ဤလမ်းညွှန်စာအုပ်ကို နွယ်နီစိုး ( Namati Myanmar) ၊
ဦးတင်စိုးဌေး ( Green Peasant Institute) ကိုအောင်မျိုးဇင်( Green Peasant Institute)
မဖြူဖြူဝင်း ( Civil and Political Rights Campaign Group) နှင့်
ကိုပြည့် ဖြိုးမောင် (Civil and Political Rights Campaign Group) တို့မှ
ရေးသားပြု စုထားပါသည်။ ထို့အပြင် ဤလမ်းညွှန်စာအုပ်ဖြစ်မြောက်ရေးအတွက်
ငွေကြေးထောက်ပံ့ပေးသော My Justice Program အားလည်း
အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဤပုံနှိပ်ထုတ်ဝေခြင်းတွင်ပါရှိသည့် အကြောင်းအရာများအား
Namati Innovation in Legal Empowerment ၏ သဘောထားအမြင်၊
လေ့လာသုံးသပ်ချက်များသာဖြစ်ပြီး၊
European Union ၏ သဘောထားအမြင် (သို့မဟုတ်)
ပေါ်လစီမူဝါဒများနှင့် သက်ဆိုင်မှုမရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## မိတ်ဆက်နိဒါန်း

ဤစာအုပ်သည် မြန်မာနိုင်ငံအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေများအား အသုံးပြုခွင့် (ခွင့်ပြုမိန့်) လျှောက်ထားလိုသူများသည် လျှောက်ထားရမည့် အဆင့်တိုင်းတွင် လွယ်ကူချောမွေ့စွာ လျှောက်ထားနိုင်စေရန် ရှင်းလင်းလမ်းညွှန် ပြသထားသော လမ်းညွှန်စာအုပ်ဖြစ်ပါသည်။ ၁၁ ရက်၊ စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်တွင် စတင်ပြဋ္ဌာန်း ကျင့်သုံးခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထွက်ပေါ်လာပြီးသည့်နောက်တွင် ဤလမ်းညွှန်စာအုပ်ကို စတင်ရေးသားခဲ့ခြင်း ဖြစ်သည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအဖြစ် အမည်တပ်ထားသောမြေများသည့် တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူများအနေဖြင့် အငြင်းပွားဖွယ်ရာနှင့် လက်ခံရန်ခက်ခဲနေသော မြေယာပြဿနာ ဖြစ်နေပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအနေဖြင့် အသုံးပြု ခွင့်လျှောက်ထားမည် (သို့မဟုတ်) မလျှောက်ထားပါဆိုသည့် ဆုံးဖြတ်ချက်သည် အလွန်ခက်ခဲနေသော ရွေးချယ်မှု ဖြစ်နေပါသည်။

အသုံးပြုခွင့် လျှောက်လွှာတင်ရာတွင်လည်း လျှောက်ထားမှုဖြစ်စဉ်တလျှောက်လုံးတွင် လျှောက်ထားမည့်သူအားလုံးအတွက် အဆင်ပြေချောမွေ့နိုင်မည့် အခြေအနေတွင် ရှိမနေပါ။ ဤလမ်းညွှန် စာအုပ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း မြေများကို အသုံးပြုခွင့်(ခွင့်ပြုမိန့်) ရရှိသည်အထိ လုပ်ငန်းစဉ် တစ်ခုလုံးတွင် မည်ကဲ့သို့ လျှောက်ထားရမည်ဆိုသည့် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဥပမာနမူနာပုံစံများ ထည့်သွင်းကာ ရှင်းပြထားပါသည်။


အထက်ပါ အဖွင့်မိတ်ဆက်စကားဖြင့် စတင်ရခြင်းမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေများ တွင် အသုံးပြုနေသည်ဆိုသည့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူများအနေဖြင့် ၎င်းတို့၏မြေယာများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း မြေများအနေဖြင့် ခွင့်ပြုမိန့်လျှောက်ထားသင့်သည်၊ မလျှောက်ထားသင့်ပါဆိုသည့် ဆုံးဖြတ်ချက်ကိုချမှတ်ရမည့် အချိန်ရောက်ရှိလာပြီဆိုသည်ကို သိမြင်နိုင်စေရန် အကျဉ်းချုပ်တင်ပြ ဆွေးနွေးထားခြင်းဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်သည် မြန်မာနိုင်ငံအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အသုံးပြုခွင့် လျှောက်ထားရာတွင် ဧက ၅၀ အောက် တနိုင်တပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပြုလုပ်မည့် လုပ်ကွက်ငယ် တောင်သူများအတွက် အသုံးပြုနိုင်ရန် ရည်ရွယ် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း မြေများကို အခက်အခဲမရှိ လျှောက်ထားနိုင်ရန်၊ အသုံးပြုခွင့် လျှောက်လွှာတင်ရာတွင်လည်း လိုအပ်သော အချက်အလက်များကို ရှာဖွေနိုင်ရန်နှင့် အထောက်အပံ့ဖြစ်စေမည့် လမ်းညွှန်ချက်များကို လေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြေယာအရေးကိစ္စများကို ကူညီဖြေရှင်းပေးနေသော ရပ်ရွာအခြေပြုဥပဒေ အထောက်အကူပြုများ၏ အတွေ့အကြုံများ၊ နမူနာကောင်းများကို အခြေခံ၍ ဤလမ်းညွှန်စာအုပ်ကို ရေးဆွဲပြုစုထားပါသည်။

## ပင်ဆင်ပြဌာန်းလိုက်သည့် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ ဆိုတာဘာလဲ။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေအား ၃၀ ရက် ၊ မတ်လ၊ ၂၀၁၂ ခုနှစ် တွင်စတင်ပြဌာန်းခဲ့သည်။ ၁၁ ရက်၊ စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို အတည်ပြုပြဌာန်းခဲ့သည်။ ပြင်ဆင်သည့်ဥပဒေတွင် အဓိကအရေးပါသည့် အချက်တစ်ချက်မှာ ဥပဒေအရ တရားဝင်လုပ်ကိုင်ခွင့် မရရှိသေးဘဲ လက်ရှိမိရိုးဖလာ စိုက်ပျိုးနေသော တောင်သူများအနေဖြင့် မိမိတို့၏မြေများကို ပြင်ဆင်ထားသော ဥပဒေနှင့်အညီ စိုက်ပျိုးလုပ်ကိုင်နိုင်စေရန် သက်ဆိုင်ရာ မြေယာစီမံအုပ်ချုပ်ရေးကော်မတီသို့ ၃ ရက်၊ မတ်လ ၂၀၁၉  ခုနှစ်မတိုင်မီ လျှောက်ထားရမည်ဆိုသည့် အချက်ဖြစ်ပါသည်။ ပြင်ဆင်သည့် ဥပဒေပုဒ်မ- ၂၂ (ခ) (၁) (၂) (၃) အရ အသုံးပြုခွင့် လျှောက်ထားခဲ့ခြင်းမရှိပါက လက်ရှိစိုက်ပျိုးနေသောမြေအား သိမ်းယူခြင်းနှင့် ဖယ်ရှားခြင်းခံရမည်ဖြစ်သည်။ အကယ်၍ အဆိုပါမြေပေါ်မှ ထွက်ခွာဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကို မလိုက်နာဘဲ ဆက်လက်အသုံးပြုနေပါက ထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်ခံရနိုင်ပါသည်။ ထိုအခြေအနေတွင် Namati ၏ရပ်တည်ချက်ကို ရှင်းလင်းစွာဖော်ပြရမည်ဆိုလျှင် ယခုပြင်ဆင်ပြဌာန်းလိုက်သော ဥပဒေသည် ကောင်းမွန်သော ဥပဒေတစ်ရပ်မဟုတ်ဟု မှတ်ယူထားပါသည်။ မြန်မာနိုင်ငံ၏ ၁၀ သန်းကျော်မျှသော လူဦးရေပမာဏရှိသော ဓားမဦးချစနစ်ဖြင့် လက်ရှိလုပ်ကိုင်စားသောက်နေသော လယ်သမားများနှင့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များဖြင့် စီမံခန့်ခွဲလျက်ရှိသည့် မိရိုးဖလာ စိုက်ပျိုးစနစ်သုံး တောင်သူများအတွက် အဆိုးဘက်သို့ကျရောက်စေမည့် ဥပဒေဟု သိမြင်ထားပါသည်။

## မည်ကဲ့သို့သော မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေ ဟု သတ်မှတ်သနည်း။

ဥပဒေပါ ညွှန်းဆိုချက်များအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအား အဓိပ္ပါယ်ရှင်းလင်းဖော်ပြထားပါသည်။




### မြေလွတ်၊ မြေလပ် (၂၀၁၂)

မြေလွတ်၊ မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုလိုသည်။

### မြေရိုင်း (၂၀၁၈)

မြေရိုင်းဆိုသည်မှာ သစ်ပင်၊ ဂါးပင် သို့မဟုတ် ခြုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်အသုံးပြုခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိလုပ်ကိုင် အသုံးပြုခြင်းမရှိသော ကြိုးပိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်။

သို့ပေမယ့်လည်း ထိုသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေအရ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ရရှိစေရန် လျှောက်ထား တောင်းဆိုကာ ခွင့်ပြုမိန့်ရရှိမှသာ လုပ်ကိုင်ရခြင်းသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာ၊ ဓလေ့နှင့် ဘဝနေထိုင်မှုပုံစံများကို မေးမှိန်ပပျောက်စေနိုင်ပြီး ဘဝရပ်တည်မှု ပျက်စီးရန် တွန်းအားပေးနေသည်ဆိုသည့် ရှုထောင့်အနေဖြင့် မြေယာအရေးဆောင်ရွက်နေသူများနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများမှလည်း ငြင်းဆိုဆွေးနွေးနေဆဲ အကြောင်းအရာဖြစ်နေပါသည်။ ထို့အတူ တိုင်းရင်းသားတို့၏ ဖက်ဒရယ်ရပိုင်ခွင့်များနှင့် သယံဇာတအုပ်စိုး စီမံခွင့်များကိုလည်း ထိခိုက်စေသည်ဟု ဝေဖန်ထောက်ပြသူများလည်းရှိသည်။

၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်သော မြေလွတ်၊မြေလပ်နှင့် မြေရိုင်းပြင်ဆင်သည့် ဥပဒေ၏ ပုဒ်မ ၃၀ (က)တွင် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်သည့်မြေများသည် ယခုဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရဟုဆိုသည်။ သို့ပေမယ့် ထိုပြင်ဆင်သည့်ဥပဒေတွင် မည်ကဲ့သို့သောမြေအမျိုးအစားများသည် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအရ သတ်မှတ်သည့်မြေများဖြစ်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်မပါဝင်ပါ။ ထိုသတ်မှတ်သည့်မြေများကို နိုင်ငံတော်အနေဖြင့် မည်သို့၊ မည်ပုံဖြင့် အသိအမှတ်ပြုမည်ဆိုသည့်ကိစ္စမှာမူ ရှင်းလင်းစွာမသိရှိသေးပါ။

## သင်လက်ရှိ အသုံးပြုနေသောမြေသည် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်ထားသည့်မြေဖြစ်နေပါက မည်သို့ ဆောင်ရွက်မည်နည်း။

အကယ်၍ သင်အသုံးပြုနေသောမြေသည် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်ထားသည့် မြေဟု သင်ယူဆထားပါက ပြင်ဆင်သည့် ဥပဒေပါအတိုင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအနေဖြင့် အသုံးပြုခွင့် မလျှောက်ထားသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ပြင်ဆင်သည့်ဥပဒေအရ သင်၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာမြေသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအဖြစ် မဟုတ်သောကြောင့်ဖြစ်သည်။ သို့ပေမယ့်လည်း နိုင်ငံတော်အစိုးရအနေဖြင့်လည်း မည်ကဲ့သို့သော မြေများအား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်ထားသည့်မြေဖြစ်သည်ဆိုသည်နှင့် သက်ဆိုင်သည့် စံနှုန်းသတ်မှတ်ချက်များကို ယခုအချိန်အထိ မရှိသေးပါ။ ပထမဆုံးခြေလှမ်းအနေဖြင့် သင်၏ မိရိုးဖလာဓလေ့ထုံးတမ်းစဉ်လာအရ အသုံးပြုနေသောမြေအား နယ်နမိတ်များ စနစ်တကျသတ်မှတ်ကာ ရိုးရာဓလေ့စည်းမျဉ်းများဖြင့် စီမံခန့်ခွဲလျက်ရှိနေကြောင်း ရပ်ရွာအတွင်းအသိအမှတ်ပြု စေရန်နှင့် အကာအကွယ်ပေးနိုင်ရန် ဦးစွာကြိုးပမ်းထားသင့်ပါသည်။

## မြေလွတ်၊မြေလပ်နှင့် မြေရိုင်းမြေအဖြစ် အသုံးပြုခွင့်လျှောက်ထားပါက မည်သည့်အကျိုးရလာဒ်များ ရရှိမည် နည်း။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအဖြစ် အသုံးပြုခွင့်(ခွင့်ပြုမိန့်) ရရှိထားပါက သင်အသုံးပြုနေသော မြေမှ ဖယ်ရှားခံရခြင်း( သို့မဟုတ်) ကျူးကျော်စိုက်ပျိုးအသုံးပြုနေသူအဖြစ် တရားစွဲဆိုခံရခြင်းများမရှိနိုင်ပါ။ သင်လက်ရှိ အသုံးချနေသောမြေအား တရားဝင် ဆက်လုပ်လုပ်ကိုင်အသုံးပြုခွင့် ရရှိမည်ဖြစ်သည်။ အကယ်၍ သင်သည် ခွင့်ပြုမိန့်ရရှိထားပါက (ခွင့်ပြုမိန့် မရသည်လည်း ဖြစ်နိုင်ပါသည်) နှစ် ၃၀ အထိ ထိုမြေအား ဆက်လက်အသုံး ပြုခွင့်ရရှိမည် ဖြစ်သည်။ အကယ်၍ နိုင်ငံတော်အကျိုးငှာနှင့် အများပြည်သူအကျိုးငှာ ထိုမြေအားသိမ်းဆည်းခြင်း ခံရပါကလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေအရ လျော်ကြေးနှင့် နစ်နာကြေးများ ရရှိမည်ဖြစ်ပါသည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအဖြစ် အသုံးပြုခွင့်မလျှောက်ထားပါက မည်သည့် ဆိုးကျိုးများဖြစ်နိုင်မလဲ။

အကယ်၍ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းမြေအနေဖြင့် အသုံးပြုခွင့်လျှောက်ထားပါက သင်လက်ရှိအသုံးပြုနေသော မြေသည် "သင်၏မြေ" အဖြစ် မရှိနေတော့ပါ။ ထို့အပြင် သင်၏ အသုံးပြုခွင့်လျှောက်ထားမှုသည် အောင်မြင်ကာ ခွင့်ပြုမိန့်ရနိုင်မည် (သို့မဟုတ်) မရနိုင်သည်ဆိုသည်ပင် မသေချာပါ။

အကယ်၍ ခွင့်ပြုမိန့် ရရှိသည်ဆိုစေကာမူ

၁။ သင်လျှောက်ထားသောမြေသည် အလွန်ဆုံး နှစ် ၃၀ ကာလသာ အသုံးပြုခွင့်ရမည်။

၂။ သင်၏ သား၊ သမီး နောက်လာနောက်သားများအား လက်ဆင့်ကမ်း အမွေခွဲဝေ ပေးခွင့်မရနိုင်ပါ။

၃။ သင်အသုံးပြုခွင့် လျှောက်ထားရာတွင်လည်း ထိုလျှောက်ထားသောမြေအား သင်မည်သို့ အသုံးပြုပါမည်ဆိုသည့် လုပ်ငန်းဆောင်ရွက်မည့်စီမံချက် ရေးဆွဲတင်ပြရမည်။ သင်အသုံးပြုခွင့်ရရှိသည့် ကာလတလျှောက်လုံး ထိုစီမံချက်ပါ အတိုင်း သင်အသုံးပြုခွင့်ရသော မြေပေါ်တွင် လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။ စီမံချက်ပါအတိုင်း လိုက်နာ မဆောင်ရွက်ပါက အသုံးပြုခွင့်ဆုံးရှုံးမည်ဖြစ်သည်။

၄။ အကယ်၍ သင်အသုံးပြုခွင့်ရသောမြေအား သတ်မှတ်ကာလအတိုင်း စီမံချက်ပါတင်ပြချက်အတိုင်း အသုံး ပြုရမည်ဖြစ်ပြီး အချိန်ကာလ အတိုင်းအတာတစ်ခုအတွင်း ရာခိုင်နှုန်းပြည့်မှီစွာ ဖော်ထုတ်မပြီးစီးပါကလည်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ဆုံးရှုံးမည်ဖြစ်သည်။

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း အသုံးပြုခွင့် လျှောက်ထားသင့်သလား။

အဆိုပါမေးခွန်းအတွက်အဖြေသည် သင့်အတွက်၊ သင့်မိသားစုအတွက်၊ သင်နေထိုင်ရာရပ်ရွာအတွက် ခက်ခဲသော ဆုံးဖြတ်ချက်ချရမည့်ကိစ္စဖြစ်နေပါသည်။ သင် ထိုဆုံးဖြတ်ချက်ချခြင်းမချမီ အကောင်းဘက်ဖြစ်နိုင်မှုနှင့် အဆိုးဘက်သို့ရောက်သွားနိုင်သည့်အခြေအနေနှစ်ခုကို ယှဉ်ထိုးတွက်ချက်ရန် အလွန်အရေးကြီးပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ပြင်ဆင်သည့်ဥပဒေသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူများအတွက် အကာအကွယ်ပြုပေးသော ကောင်းမွန်သည့် ဥပဒေတစ်ရပ် မဟုတ်ပါ။ မည်သည့်ဆုံးဖြတ်ချက်ကို သင်ချမှတ်သည်ဖြစ်စေ အဆိုးသဘောဆောင်သော အကျိုးဆက်များ ဖြစ်ပေါ် လာစေနိုင်ပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေအဖြစ် အသုံးပြုခွင့်လျှောက်ထားမည်၊ လျှောက်ထားမည် မဟုတ်ဆိုသည်မှာ လွယ်ကူသော အဖြေတစ်ခု မဖြစ်နိုင်ပါ။

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း နှင့် သက်ဆိုင်သည့်ကော်မတီများ

## မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ ( ယခင်) (၁၉၉)

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စီမံခန့်ခွဲနိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ( ၂၆၅-၉-၁၉၉၁) ရက်ဖွဲ့ပါ စာအမှတ် ဂ၂၃/ ၁-၁/ နဂတ ဖြင့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ( ၁၃-၁၁-၁၉ ၉ ၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/ ၉၁ ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခဲ့ပါသည်။ ထိုအဖွဲ့မှ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၁/ ၉၁ ဖြင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခဲ့သည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ( ယခု) (၂၀၁၂ - ၂၀၁၆)

မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ၂၀ ရက်၊ ဖွန်လ၊ ၂၀၁၆ တွင် အမိန့်ကြော်ငြာစာ အမှတ် ၄၁ / ၂၀၁၆ ဖြင့် ပြင်ဆင်ဖွဲ့စည်းသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၏ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်  ၁၈ ဦး ပါဝင်သော ကော်မတီအဖွဲ့ ဖြစ်သည်။ ယင်းကော်မတီသည် နေပြည်တော်ကောင်စီ (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် တင်ပြလာသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆုံးဖြတ်ပေးရမည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ (၆)လလျှင်တစ်ကြိမ် တင်ပြရမည်။ ကော်မတီသည် လိုအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်သည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ပြင်ဆင်သည့်ဥပဒေ(၂၀၁၈)အရ ထပ်မံဖြည့် စွက်သည့်- “ပြင်ပမှ သင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်းပါဝင်သော” မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းရမည်ဖြစ်ပါသည်။ ပြင်ဆင်သည့် ဥပဒေအရ ပြန်လည်ဖွဲ့စည်းမည့် ကော်မတီသည် ယခု စာအုပ်ရေးသားချိန်အထိ ဖွဲ့စည်းခြင်းမရှိသေးပါ။

## နေပြည်တော်ကောင်စီ (သို့)သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ

ယခင် ၂၀၁၂ ခုနှစ်ဥပဒေအရ လုပ်ငန်းအဖွဲ့ ဟုခေါ်ဆိုခဲ့သည်။ ပြင်ဆင်သည့် ဥပဒေအရ "စီမံခန့်ခွဲရေးကော်မတီ"ဟု အမည်ပြောင်းလဲသည်။ သက်ဆိုင်ရာတိုင်း/ပြည်နယ်ဝန်ကြီးချုပ်သည် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်း/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဝန်ကြီးသည် အတွင်းရေးမှူးအနေဖြင့်လည်းကောင်း ပါဝင်ဖွဲ့စည်းထားသည်။ ပြင်ဆင်သည့် ဥပဒေအရ - " ဒေသခံတိုင်းရင်းသား လူမျိုးစုကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် သင့်လျော်သည့်ပညာရှင်များ " ပါဝင်သည့် စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းရမည်။

ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတနိုင်တပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေများကို တစ်ကြိမ်လျှောက်ထားလျှင် ၁၀ ဧက ထက်မပိုစေဘဲ သက်ဆိုင်ရာဒေသရှိ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားနိုင်သည်။ တင်ပြလျှောက်ထားလာသည့် လျှောက်ထားချက်များကို နေပြည်တော်ကောင်စီ (သို့) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ စီမံခန့်ခွဲရေးကော်မတီအတွင်း အစည်းအဝေးထိုင်ကာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချပေးမှုများအား ဆုံးဖြတ်ချက်ချသည်။

## သီးခြားအဖွဲ့

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ( ၂၀၁၂) အပိုဒ် ၂(က) အရ - နေပြည်တော်ကောင်စီ (သို့)သက်ဆိုင်ရာ တိုင်း/ ပြည်နယ်အလိုက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များကိုစစ်ဆေးရန် ဗဟိုကော်မတီက ဖွဲ့စည်းသည့်အဖွဲ့ဖြစ်သည်။ လျှောက်ထားမှုနှင့် ပတ်သတ်၍ ကွင်းဆင်းစစ်ဆေးသည်။ စစ်ဆေးချက်များကို သက်ဆိုင်ရာကော်မတီ အဆင့်ဆင့်သို့ ပြန်လည်တင်ပြသည်။

## အထူးအဖွဲ့

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ( ၂၀၁၂) အပိုဒ် ၂(ခ) အရ - မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကိုစစ်ဆေးရန် ဗဟိုကော်မတီက အခါအားလျော်စွာ ဖွဲ့စည်းပေးသည့် အဖွဲ့ကိုဆိုသည်။ အမြဲတမ်းဖွဲ့ထားသော အဖွဲ့မဟုတ်ပါ။ လုပ်ငန်းအကောင် အထည်ဖော်မှုကို စစ်ဆေးသောအဖွဲ့ဖြစ်သည်။

## မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း လျှောက်ထားနိုင်သူများ



မြေယာမဲ့နိုင်ငံသားများ




အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်
အစိုးရမဟုတ်သော အဖွဲ့အစည်းများ




၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော
ပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့်
ဥပဒေပုဒ်မ - ၁၄ နှင့်အညီ ကင်းလွတ်ခွင့်ပြုထားသူများ



အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ
ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ




မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ
ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ




မြေယာမဲ့နိုင်ငံသားများ၊ လုပ်ကွက်ငယ်တောင်သူများ၊
ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး
စသည့်ကဏ္ဍများကို တာဝန်ယူဆောင်ရွက်သည့်
အစိုးရဌာန၊ အစိုးရ/အစိုးရမဟုတ်သော အဖွဲ့အစည်းများ

## မြေလွတ်၊မြေလပ် နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်များ ၊ အသုံးပြုခွင့်ပြုသည့် လုပ်ငန်းများ

လျှောက်ထားမည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေများသည် ကျေးရွာများနှင့် အနည်းဆုံး ၂ မိုင်အကွာအဝေး တွင် ရှိရမည်။



## မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများ၏ အကျိုးခံစားခွင့်များ



## လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ သတိပြုလိုက်နာရမည့်အချက်များ

- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ သတိပြုလိုက်နာ အလေးထားရမည့် အချက်အချို့ကို ထုတ်နုတ်ဖော်ပြထားပါသည်။

- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည် အာမခံကြေးကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတည်ရှိရာနှင့် အနီးဆုံးမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အောက်ပါအချက်များအတိုင်း ပေးသွင်းရမည်။

| | | |
|---|---|---|
| (က) | စိုက်ပျိုးရေးလုပ်ငန်းတွင် တောင်သူလယ်သမားနှင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသော ဧက ၅၀ နှင့် အောက်ဖြစ်လျှင် တစ်ဧကလျှင် | ကျပ် ၃၀၀၀ ( ကျပ် သုံးထောင်) နှုန်း |
| (ခ) | မွေးမြူရေးလုပ်ငန်းတွင် တစ်ဧကလျှင် | ကျပ် ၁၀၀၀၀ ( ကျပ်တစ်သောင်း) နှုန်း |

လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသောမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် မြေခွန်ကင်းလွတ်ခွင့်ကာလကို စတင်ခွင့်ပြုသည့် နေ့မှစ၍ လုပ်ငန်းအမျိုးအစား၊ သီးနှံအမျိုးအစားအလိုက် အောက်ပါအတိုင်း သတ်မှတ်ခွင့်ပြုပေးနိုင်သည်။

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် -

| | | |
|---|---|---|
| (၁) | နှစ်ရှည်ပင်စိုက်ပျိုးမြေဖြစ်လျှင် | ၅ နှစ် |
| (၂) | ဥယျာဉ်ခြံ သီးနှံ စိုက်ပျိုးမြေဖြစ်လျှင် | ၃ နှစ် |
| (၃) | ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ စိုက်ပျိုးမြေဖြစ်လျှင် | ၂ နှစ် |

(ခ) မွေးမြူရေးလုပ်ငန်းတွင် -

| | | | |
|---|---|---|---|
| (၁) | ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးဖြစ်လျှင် | | ၂ နှစ် |
| (၂) | တိရစ္ဆာန်မွေးမြူရေးဖြစ်လျှင် - | | |
| | (ကက) | ကျွဲ၊ နွား၊ မြင်း၊ မွေးမြူရေးလုပ်ငန်းတွင် အသုံးပြုပါက | ၂ နှစ် |
| | (ခခ) | သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းတွင် အသုံးပြုပါက | ၂ နှစ် |
| | (ဂဂ) | ကြက်၊ ဝက်၊ ဘဲ၊ ငုံး မွေးမြူရေးလုပ်ငန်းတွင် အသုံးပြုပါက | ၂ နှစ် |

ထိုမြေခွန်ကင်းလွတ်ခွင့် သတ်မှတ်နှစ်ကာလပြည့်ပြီးပါက သွင်းခဲ့သည့်အာမခံကြေးကို ပြန်လည်ထုတ်ယူနိုင်ရန် လျှောက်လွှာကို ဗဟိုကော်မတီ(သို့) နေပြည်တော်ကောင်စီ (သို့)သက်ဆိုင်ရာ တိုင်း/ပြည်နယ်အစိုးရ စီမံခန့်ခွဲရေးကော်မတီသို့ ခွင့်ပြုမိန့်မိတ္တူနှင့် အာမခံကြေးပေးသွင်းခဲ့သည့် ငွေသွင်းချလံမိတ္တူနှင့်အတူ ပူးတွဲလျှောက်ထားရမည်။ ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းကမ်းချက်များကို ချိုးဖောက်ကြောင်းတွေ့ရှိပါက သွင်းခဲ့သည့် အာမခံကြေးအား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းယူမည်ဟု မြေလွတ်၊ မြေလပ် နှင့်မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၂၁ ၊ ပုဒ်မ ၂၂ (က) (၄) နှင့် နည်းဥပဒေ အပိုဒ် ၆၇တွင် သတ်မှတ်ထားသည်။ ထို့ပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

- မြေခွန်ကင်းလွတ်ခွင့် ကာလပြီးဆုံးပါက တနှစ်လျှင်တစ်ကြိမ် အောက်ပါနှုန်းထားများအား လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ အောက်ပါအတိုင်း ပေးသွင်းရမည်။

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် -

(၁) နှစ်ရှည်ပင်စိုက်ပျိုးမြေဖြစ်လျှင် အမှန်စိုက်ကေတစ်ကေအတွက်

ကျပ် ၃၀၀၀ ( ကျပ် သုံးထောင်)နှုန်း

(၂) ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးမြေဖြစ်လျှင် အမှန်စိုက်ကေတစ်ကေအတွက်

ကျပ် ၂၀၀၀ ( ကျပ် နှစ်ထောင်) နှုန်း

(၃) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ စိုက်ပျိုးမြေဖြစ်လျှင် အမှန်စိုက်ကေတစ်ကေအတွက်

ကျပ် ၁၀၀၀ ( ကျပ် တစ်ထောင်)နှုန်း

(ခ) မွေးမြူရေးလုပ်ငန်းတွင် -

(၁) ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေး လုပ်ငန်းအသုံးပြုမြေဖြစ်လျှင် တစ်ကေအတွက်

ကျပ် ၃၀၀၀ ( ကျပ် သုံးထောင်)နှုန်း

(၂) တိရစ္ဆာန်မွေးမြူရေးမြေဖြစ်လျှင် တစ်ကေအတွက်

ကျပ် ၁၀၀၀ ( ကျပ် တစ်ထောင်)နှုန်း

- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်ရမည့်ကာလကို တိုးမြှင့်ပေးစေလိုပါက သက်ဆိုင်ရာနေပြည်တော်ကောင်စီ (သို့) တိုင်း/ပြည်နယ်အစိုးရ စီမံခန့်ခွဲရေး ကော်မတီ၏ ထောက်ခံချက်ဖြင့် ဗဟိုကော်မတီသို့ ခွင့်ပြုကာလ မကုန်ဆုံးမီ တင်ပြလျှောက်ထားရမည်။

- ပထမလျှောက်ထားသော မြေလွတ်၊မြေလပ်နှင့် မြေရိုင်း(၁၀) ကေတွင်(၇၅%) စိုက်ပျိုးပြီးစီးပါက (၁၀)ကေ ထပ်မံ၍ လျှောက်ထားနိုင်သည်။ ထိုကဲ့သို့ တစ်ကြိမ်လျှင် (၁၀) ကေထက်မပိုစေဘဲ ကေ(၅၀) အထိ ခွင့်ပြုသွားမည်ဖြစ်သည်။

# မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းလျှောက်ထားပုံအဆင့်ဆင့်

## (၁) လျှောက်ထားမည့်မြေနေရာနှင့်ပတ်သတ်၍ ဆောင်ရွက်ရမည့်အချက်များ

မြေလွတ်၊မြေလပ်နှင့် မြေရိုင်းအသုံးပြုခွင့် လျှောက်ထားလိုသူသည် ဦးစွာ ၄င်းတို့လျှောက်ထားလိုသော (သို့) လက်ရှိစိုက်ပျိုးနေသောမြေသည် မည့်သည့် မြေအမျိုးအစားဖြစ်ကြောင်း ဦးစွာစုံစမ်းရန်လိုပါသည်။ အထက်ပါ အချက်များကို စုံစမ်းနိုင်သည်။

(က) မိမိတို့လျှောက်ထားလိုသောမြေသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေ ဖြစ်သည်၊ မဖြစ်သည်ကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ သက်ဆိုင်ရာဒေသ၏ တာဝန်ကျကွင်းဝန်ထမ်း(သို့) မြို့နယ်ဦးစီးရုံးတွင် စုံစမ်းပါ။

(ခ) လျှောက်ထားလိုသည့် မြေနေရာတည်ရှိသည့် ကျေးရွာအုပ်ချုပ်ရေးမှုးထံလည်း လက်ရှိလုပ်ကိုင်နေသူ ရှိ၊ မရှိ(သို့) အရှုတ်အရှင်းရှိမရှိ

## (၂) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (သို့) ကျေးရွာအုပ်ချုပ်ရေးမှုးထံတွင် မိမိသည် အောက်ပါ အချက်အလက်များ၏ တချက်ချက်ဖြင့် ကိုက်ညီသူဟုတ်/ မဟုတ် စုံစမ်းဆွေးနွေးပါ။

(က) မိရိုးဖလာမြေယာအသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်းဖြင့် လက်ရှိစိုက်ပျိုးနေသူ( အထောက်အထားမရှိသူ)

(ခ) လျှောက်ထားလိုသူသည် လက်ရှိမြေအားအသုံးပြုနေသည်။ သို့သော် သက်ဆိုင်ရာ ဦးစီးရုံးတွင် မမြဦးပိုင်အနေဖြင့် အမည်ထွက်နေသည်။ (လျှောက်ထားလိုသူတောင်သူသည် မိမိ၏မြေသည် မည်သည့်မြေအမျိုးအစားတွင် ပါဝင်ကြောင်းကိုမသိသူ)

(ဂ) အသစ်ဖော်ထုတ်စိုက်ပျိုးလိုသောမြေတွင် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်ကို လျှောက်ထားခြင်း

## (၃) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်လျှောက်ထားရန်အတွက် လျှောက်လွှာရယူခြင်း

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အသုံးပြုခွင့် လျှောက်ထားမှုနှင့် ပတ်သတ်၍ လုပ်ပိုင်ခွင့်လျှောက်လွှာကိုရယူရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အတွင်းရေးမှုး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ ညွှန်ကြားရေးမှုးချုပ်ရုံး၏ ၂၀၁၃ ခုနှစ် ညွှန်ကြားချက် အမှတ် - ၃၂၅၂/မယ ( ဖ) (၁၁) အရ- မြို့နယ် လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် ရယူနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် နည်းဥပဒေ အပိုဒ် ၄ အရ အောက်ဖော်ပြပါ ဖောင်ပုံစံများ( လျှောက်လွှာပုံစံများ) အသုံးပြု၍လျှောက်ထားနိုင်သည်။

- ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်ပင်စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့် လျှောက်လွှာ ( ပုံစံ - ၁)
- မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်လျှောက်လွှာ ( ပုံစံ - ၂)

လျှောက်လွှာပုံစံများကို နောက်ဆက်တွဲ အနေဖြင့် လေ့လာနိုင်ပါသည်။ [၁][၂]

[၁] နောက်ဆက်တွဲ(၁) - ရာသီသီးနှံ၊စက်မှုကုန်ကြမ်းရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊နှစ်ရှည်ပင်စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်လျှောက်လွှာ( ပုံစံ- ၁)

[၂] နောက်ဆက်တွဲ ( ၂) -မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ -၂)


## (၄) မြေပုံကြမ်းရယူခြင်း

နည်းဥပဒေ အပိုဒ် ၅ အရ - လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးက ထုတ်ပေးသော အောက်ပါမြေပုံတစ်မျိုးမျိုးကို ပူးတွဲတင်ပြရမည်။

(က) ကွင်းမြေပုံရှိသောဒေသဖြစ်လျှင် တည်ဆဲနှစ်အတွက် အသုံးပြုလျက်ရှိသော ၁၆ လက်မ = ၁ မိုင် စကေး ကွင်းမြေပုံမှ ရေးဆွဲသည့် မြေပုံ နှစ်ပုံ၊

(ခ) ကွင်းမြေပုံမရှိသေးသောဒေသဖြစ်လျှင် တစ်လက်မ = တစ်မိုင်စကေး (သို့) ၁: ၅၀၀၀၀ စကေးဖြင့် ရေးဆွဲထားသည့် ယာယီမြေပုံကြမ်း နှစ်ပုံ။

ထိုမြေပုံကြမ်းအား မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ထုတ်ပေးရမည်။ မြေပုံကြမ်းကို မြို့နယ်ဦးစီးထံမှ ကူးယူခွင့် ရရှိစေရန်အတွက် လျှောက်ထားတောင်းဆိုနိုင်သည်။



သို့
ဥက္ကဋ္ဌ
တိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး
ပဲခူးမြို့။

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်၊

အကြောင်းအရာ။ ။ မြေပုံရေးကူးခွင့်ပြုပါရန် လျှောက်ထားခြင်းကိစ္စ။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပြည်မြို့၊ ကွင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၈၁၀)၊ ကွင်းအမည် (ကွင်းကြီး)၊ မြေကွက်အမှတ် ( -- ) မြေမျိုး နှက်မျိုးနိုင်သော မြေလွတ်မြေရိုင်းမှ မြေပြုပြင်ရှင်းလင်းပြီးစိုက်ပျိုးလျက်ရှိသော (၅.၅၀) ကေခ့်အား ဦး [illegible]အား စိုက်ပျိုး လုပ်ကိုင်ခွင့်ပြု လျှောက်ထားရန်အတွက် မြေပုံရေးကူးခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

လျှောက်ထားမြေတည်ရှိနေရာပြ မြေပုံကြမ်း (၂)ပုံအား ပူးတွဲတင်ပြအပ်ပါသည်။

လျှောက်ထားသူ
( [illegible] )


မိတ္တူကို
ဒု-ညွှန်ကြားရေးမှူး
တိုင်းလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။
လ/ထ ညွှန်ကြားရေးမှူး
ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ပြည်ခရိုင်၊ ပြည်မြို့။
မြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်မြို့။
ဦးစီးအရာရှိ
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ပြည်မြို့။
လက်ခံ။

မြေပုံကြမ်းကို မြို့နယ်ဦးစီးထံမှ ကူးယူခွင့် ရရှိစေရန်အတွက် လျှောက်ထားတောင်းဆိုသည့် လျှောက်လွှာ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ တောင်မင်းပြောင်ကျေးရွာအုပ်စုအတွင်း
အခြေခံပညာမူလတန်း(လွန်)ကျောင်း (တောင်မင်းပြောင်)မြေနေရာလျှောက်ထားမည့်
တည်နေရာပြမြေပုံ(မြေပုံကြမ်း)



uift rSwf(155)
wkdefajymifuif
awmifif ajymifau;&mtkyfpk
avmifvkH;, f
weomf&Dwkdif;a'oMuD;




| | | |
|---|---|---|
| avmufxm;olt rnf | - | aOD;fyy'awmifif ajymifau;&m'avmifvkH;, f |
| ajruuft rSwf | - | 1385 |
| avmufxm;onf ajr{&d,m | - | 1.00{u |
| ajr t rsKd;t pm; | - | ajr vwf ajr&kdif |

မြို့နယ်ဦးစီးဌာနမှထုတ်ပေးသော မြေပုံကြမ်းတစ်ပုံ ( တစ်ဦးချင်းလျှောက်ထားသူ)


အသုံးပြုခွင့် လျှောက်ထားရာတွင်လိုအပ်သည့် မြေပုံကြမ်းအား မြို့နယ်ဦးစီးဌာနမှ အကြောင်းအမျိုးမျိုးကြောင့် ရယူရန်အခက်အခဲရှိနေသည့် အခြေအနေများတွင်

- ကိုယ်တိုင်ရေးဆွဲထားသော မြေပုံကြမ်း
- ပြင်ပကျွမ်းကျင်ပညာရှင်မှ ရေးဆွဲထားသော မြေပုံကြမ်းများဖြင့် လျှောက်ထား တင်ပြနိုင်ပါသည်။




ကိုယ်တိုင်ရေးဆွဲထားသော မြေပုံကြမ်းတစ်ပုံ

ပြည်မြို့နယ် ထမကောက် (၁၈၂) ကွင်းအတွင်း တောင်သူ ဦးမြင့်နိုင် စိုက်ပျိုးမြေ (၈.၄၆) ဧက တည်နေရာပြမြေပုံကြမ်း




ပြင်ပကျွမ်းကျင်ပညာရှင်မှ ရေးဆွဲထားသော မြေပုံကြမ်း (တစ်ဦးချင်း လျှောက်ထားသူ၏မြေပုံ)



ပြင်ပကျွမ်းကျင်ပညာရှင်မှ ရေးဆွဲထားသော မြေပုံကြမ်း
(တောင်သူ(၁၈) ဦး၏ ကေ(၄၈) လျှောက်ထားမှုတွင် တဦးချင်းစီ၏ လုပ်ကွက်ငယ်မြေပုံများ စုပေါင်းပါဝင်သည်)

## (၅) လျှောက်ထားလိုသော မြေနေရာတည်ရှိသည့် ရပ်ကျေးအုပ်ချုပ်ရေးမှူး၏ စီစစ်ထောက်ခံချက်ရယူခြင်း

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအသုံးပြုခွင့်အား အစုအဖွဲ့အနေဖြင့် စုပေါင်းလျှောက်ထားလိုလျှင် ကွင်းအမှတ် တူရာ တူရာများကိုစုစည်းကာ လျှောက်ထားလိုသောမြေဧရိယာအားလုံးအား ထောက်ခံပေးသည့် ထောက်ခံချက်ကို သက်ဆိုင်ရာရပ်ကျေးအုပ်ချုပ်ရေးမှူးထံမှ ရယူရမည်။

"ထောက်ခံချက်"

ရက်စွဲ၊ - ၇ -၂၀၁၆


အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပြည်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ( ၂၈၀ ) ၊ ကွင်းအမည် ကွင်းကြီးကွင်း ၊ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်း၊ (၈၇၉ ၀၆)ကေအား ရွှေကွင်းသာကျေးရွာနေ တောင်သူ ( ၂၂ )ဦးမှ လုပ်ကိုင်ခွင့် လျှောက်ထားရန်အတွက် မြေပုံရေးကူးခွင့် လျှောက်ထားခြင်းကို လျှောက်ထားသူများသည် (၂၀၀၀)ခုနှစ်ကတည်းကပင် ယခုလက်ရှိစိုက်ပျိုးလုပ်ကိုင်လျှက်ရှိသောကြောင့်ယခုမြေပုံရေးကူးခွင့် လျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိ ထောက်ခံအပ်ပါသည်။

-လက်မှတ်

[illegible]

အစုအဖွဲ့အနေဖြင့် လျှောက်ထားသူများအတွက် ရပ်ကျေးအုပ်ချုပ်ရေးမှူး၏ထောက်ခံစာ

(ခ) မိမိလက်ရှိစိုက်ပျိုးနေသောမြေအား လျှောက်ထားလိုလျှင် သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူး၏ နေထိုင်သူဖြစ်ကြောင်းနှင့် စိုက်ပျိုးလုပ်ကိုင်နိုင်သူဖြစ်ကြောင်း ထောက်ခံချက်ကို ရယူရမည်။



ကျေး ရွာ အုပ် စု အုပ် ချုပ် ရေး မှူး ရုံး
ကျွန်းလျားကြီးကျေးရွာအုပ်စု၊သာပေါင်းမြို့နယ်
စာအမှတ် ၊ [illegible]
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

သို့

သက်ဆိုင်ရာသို့ထောက်ခံချက်

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ဒေါ်မြတ်စန္ဒာဦး၊ ၁၄/သပန(နိုင်) လှေကြီးတက်ကျေးရွာ ၊ သာပေါင်းမြို့နေသူမှ စက်မှုကုန်ကြမ်း သီးနှံစိုက်ပျိုးရန် လျှောက်ထားသော ကျွန်းလျားကြီးကျေးရွာအုပ်စု၊ မရမ်းကျင်းတစ်ဖက်ကမ်း ကားလမ်းအရှေ့ခြမ်း ကွင်းအမှတ်၊ ([illegible] ) ဧရိယာ (၅၀)ဧကသည် မြေလွတ်မြေရိုင်းဖြစ်ကြောင်းနှင့် လက်ရှိလက်ငုတ် လုပ်ကိုင်သူမရှိကြောင်းနှင့် ယခုအချိန်ထိ မည်သူမှလျှောက်ထားမှုမရှိသော မြေနေရာဖြစ်ကြောင်း စစ်ဆေးပြီးဖြစ်ပါ၍ ဖော်ထုတ်လုပ်ကိုင်မှုအား လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ထောက်ခံအပ်ပါသည်။

(ထွန်းအောင်)
ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
ကျွန်းလျားကြီးကျေးရွာအုပ်စု
သာပေါင်းမြို့နယ်

မိတ္တူကို -
- လက်ခံ

နေထိုင်သူဖြစ်ကြောင်းနှင့် စိုက်ပျိုးလုပ်ကိုင်နိုင်သူ ဖြစ်ကြောင်းထောက်ခံစာ(တစ်ဦးချင်း )

## (၆) မှတ်ပုံတင်မိတ္တူ

## (၇) အိမ်ထောင်စုဇယားမိတ္တူ

## (၈ ) စီမံချက်အစီအစဉ် ရေးဆွဲခြင်း

စီမံချက်အစီအစဉ်ရေးဆွဲခြင်းနှင့်ပတ်သတ်ရွေ့ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ ၁၉၉၁ ဒီဇင်ဘာလ ၁၂ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၉၁ ဖြင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခဲ့သည်။ လုပ်ထုံးလုပ်နည်းအရ အသုံးပြုခွင့် လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်တွင်ပါရမည့် အချက်အလက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

၁။ မြေအသုံးပြုမည့် ရည်ရွယ်ချက်

၂။ လျှောက်ထားသည့်မြေ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အခြေအနေ

၃။ လျှောက်ထားသည့်မြေများကို လုပ်ကိုင်/ အသုံးပြုမည့် လုပ်ငန်းအမျိုးအစား

၄။ လုပ်ကိုင်အသုံးပြုမည့်ပုံစံ ( နိုင်ငံပိုင်အဖွဲ့အစည်း၊ တစ်ဦးခင်း၊ ကုမဏီ၊စုပေါင်း)

၅။ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မည့် အစီအစဉ်

(က) တောရှင်းခြင်း ( လုပ်ကိုင်မည့်နည်း၊ လုပ်ငန်းစတင်ခြင်း၊ လုပ်ငန်းပြီးစီးခြင်း) (ငုတ်ထုတ်ခြင်းအပါအဝင်)

(ခ) မြေပြုပြင်ခြင်း ( လုပ်ကိုင်မည့်နည်း၊ လုပ်ငန်းစတင်ခြင်း၊ လုပ်ငန်းပြီးစီးခြင်း) (မြေညှိ ခြင်း၊ ထွန်ယက်ခြင်း စသည်များ)

(ဂ) စိုက်ပျိုးခြင်း (လုပ်ကိုင်မည့်နည်း၊ လုပ်ငန်းစတင်ခြင်း၊ လုပ်ငန်းပြီးစီးခြင်း)

(ဃ) မွေးမြူခြင်း ( လုပ်ကိုင်မည့်နည်း၊ လုပ်ငန်းစတင်ခြင်း၊ လုပ်ငန်းပြီးစီးခြင်း)

(င) အခြားလုပ်ငန်းများ( လုပ်ကိုင်မည့်နည်း၊ လုပ်ငန်းစတင်ခြင်း၊ လုပ်ငန်းပြီးစီးခြင်း)

၆။ အသုံးပြုမည့်အင်အားစုများ (ပျိုး၊ မျိုး၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် အခြားပစ္စည်းများ)

၇။ ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်( ကုန်ကျစရိတ်)

(က) တောရှင်း၊ ငုတ်ထုတ်ခြင်း

(ခ) မြေပြုပြင်ခြင်း(မြေညှိုခြင်းအပါအဝင်)

(ဂ) မျိုး၊ ပျိုး ဝယ်ယူခြင်း

(ဃ) သွင်းအားစု (ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အခြားအစားအစာ၊ ဆေးဝါး)

(င) အဆောက်အဦး

၈။ သီးနှံဆွတ်ခူး ရိတ်သိမ်းခြင်း( စတင်သည့်နှစ်၊ နှစ်အလိုက်အထွက်နှုန်း၊ စုစုပေါင်းအထွက်နှုန်း)

၉ ။ နှစ်အလိုက် ရရှိနိုင်မည့်ဝင်ငွေ (ခန့်မှန်း)

၁၀။ နှစ်အလိုက် အသားတင် အကျိုးအမြတ် (ခန့်မှန်း)

၁၁။ အထွေထွေ

စီမံချက်ရေးဆွဲလျှောက်ထားပုံအသေးစိတ်ကို ဥပမာအနေဖြင့် နောက်ဆက်တွဲတွင် လေ့လာနိုင်ပါသည်။ [၃]

[၃] နောက်ဆက်တွဲ (၃) စီမံကိန်းရေးဆွဲခြင်း ဥပမာ တစ်စောင်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လျှောက်ထားမှု လျှောက်လွှာတင်ခြင်း

"နေပြည်တော်ကောင်စီ(သို့)သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ"သို့ လိပ်မူရွေ့လျှောက်ထားရမည်။ တစ်ဦးထက်ပိုသည့် လျှောက်ထားသူများစုပေါင်း ပါဝင်သည့် အစုအဖွဲ့အနေဖြင့် လျှောက်ထားမှုဆိုလျှင် လျှောက်ထားသူအားလုံးနှင့် သက်ဆိုင်သည့်အပေါ်စာရေးရမည်။

သို့

ဝန်ကြီးချုပ်
တိုင်းဒေသကြီးအစိုးရအဖွဲ့၊
ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ မတ်လ (      ) ရက်

အကြောင်းအရာ။ ။ မည်သူမှ စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအား ကျေးလက်ဒေသ တောင်သူလယ်သမားနှင့်မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြေနေရာအသုံးပြုခွင့်ပေးပါရန် တင်ပြလျှောက်ထားခြင်း။

အထက်ပါအကြောင်းအရာနှင့်စပလျဉ်း၍ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေပြာကျေးရွာအုပ်စု ကင်ပွန်းချဉ်ကွင်းရှိ ကွင်းအမှတ်၆၆၂ /Bကွင်း၊ ရဲဝန်ထမ်း သက်သာစိုက်ခင်းအနောက်ဖက်၊ ချောင်းတစ်ဖက်ကမ်းတွင် မည်သူမှစိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသေးသော မြေလွတ်၊မြေလပ်နှင့်မြေရိုင်းမှာ ဖုန်းဆိုးတောကြီးသဖွယ်တည်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဖုန်းဆိုးတောအား ခုတ်ထွင်ရှင်းလင်းပြီး မိသားစုစားဝတ်နေရေးအတွက် နှစ်ရှည်ပင် ( သီဟိုဠ် ) ၁၀ဧကအား စိုက်ပျိုးလုပ်ကိုင်လိုပါသဖြင့် စိုက်ပျိုးလုပ်ကိုင် ခွင့်ပြုပေးပါရန်နှင့် အကယ်၍ လုပ်ကိုင်ခွင့်ပြုပါက နိုင်ငံတော်မှသတ်မှတ်သောအခွန်အခများကို စည်းကမ်းနှင့်အညီပေးဆောင်ပါမည်ဟု လေးစားစွာဖြင့် တင်ပြလျှောက်ထားပါသည်။

| | | |
|---|---|---|
| ( မြင့်လွင် ) | ( ဇာဖြူဝင်း ) | ( ဇော်ဇော်လတ် ) |
| ၁၄/ပသန(နိုင်) ၁၃၈၁၈၈ | ၁၄/ ပသန(နိုင်) ၂၅၇၇၅၁ | ၁၄/ ပသန(နိုင်) ၁၇၂၇၁၈ |
| ရွှေပြာကျေးရွာအုပ်စု။ | ရွှေပြာကျေးရွာအုပ်စု။ | ရွှေပြာကျေးရွာအုပ်စု။ |

ပူးတွဲ- စိုက်ပျိုးလုပ်ကိုင်မည့် စီမံချက် ( ၃ ) စုံ
- ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ( ၁ ) စုံ
- တည်နေရာပြမြေပုံကြမ်း ( ၂ ) စုံ

မိတ္တူ -
- မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့။
- လက်ခံ။

လျှောက်လွှာအပေါ်စာ ဥပမာတစ်စောင်

လျှောက်လွှာတင်ရန် နည်းလမ်း (၂)နည်းရှိပါသည်။

၁။ သက်ဆိုင်ရာ တိုင်း/ ပြည်နယ်အစိုးရ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ တိုက်ရိုက်တင်ပြလျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားမှုသည် လျှောက်ထားမှုအဆင့်ဆင့်အား လျင်မြန်ချောမွေ့စေနိုင်ပါသည်။

၂။ တိုင်း/ ပြည်နယ်ကော်မတီသို့ သွားလာရန် ခက်ခဲနေသူများအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံး( သို့) စာတိုက်မှတဆင့် တင်ပြလျှောက် ထားနိုင်သည်။

တင်ပြလျှောက်ထားရာတွင်လည်း လျှောက်လွှာအပေါ်ကို မူတည်၍ အောက်ပါအချက်များကို လျှောက်ထားသူမှ မှတ်သားထားသင့်သည်။

- မိမိတင်ပြလျှောက်ထားသည့် လျှောက်လွှာစာဂဏ်အမှတ်အား တောင်းယူရန်
- မိမိ၏လျှောက်လွှာအား လက်ခံရရှိသူ၏ အမည်၊ ရာထူး
- လျှောက်လွှာအား တင်ပြသည့် နေ့စွဲ၊ ဌာနနေရာကို မှတ်သားထားရန်

လျှောက်လွှာတင်ပြထားမှု၏ နောက်ဆက်တွဲ အခြေအနေကို သိရှိနိုင်ရန် လျှောက်လွှာတင်ပြပြီး (၂) ပတ်ခန့် အကြာတွင် အထက်ပါ မှတ်သားထားမှုများဖြင့် စုံစမ်းမေးမြန်းနိုင်သည်။ သက်ဆိုင်ရာ တိုင်း/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီမှ မိမိ၏လျှောက်ထားမှုအား စုံစမ်းစစ်ဆေးပါဆိုသည့် ညွှန်ကြားချက်ထွက်ပေါ်လာသည်အထိ မေးမြန်းစုံစမ်းသင့်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့
တိုင်းဒေသကြီး

စာအမှတ်၊
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ရက်

သို့
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး
မြို့

အကြောင်းအရာ။ မြေလွတ်၊ မြေရိုင်းလုပ်ကိုင်ခွင့်လျှောက်ထားလာသည့်ကိစ္စ
ရည် ညွှန်း ချက်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရက်စွဲပါစာအမှတ်၊
အစိုးရ( )

၁။ မြို့နယ်အတွင်းရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် သီဟိုဠ်၊ ယူကလစ်၊ မန်ကျိုင်းရှား၊ ဝါးနှင့် အခြားသစ်မျိုးများစိုက်ပျိုးလုပ်ကိုင်နိုင်ရေး မြေလွတ်၊ မြေရိုင်းခွင့်ပြုထားပေးပါရန် ပါ(၁၁)ဦး၏ လျှောက်ထားချက်များအား စိစစ်ဆောင်ရွက်နိုင်ပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

